The Essence

mgyoe.com

# ရက်သတ္တပတ်

# MBA

အောင်စည်သာ-မြန်မာပြန်

mgyoe.com

mgyoe.com

ရည်မှန်းချက်နဲ့ပန်းတိုင်ကို ဘယ်လို ပေါင်းစပ်ကြမလဲ၊
စီးပွားရေးလုပ်ငန်းကြီးတစ်ခုရဲ့စနစ်တစ်ခုကို ဘယ်လို ပြောင်းလဲမလဲ၊
ဘယ်လို တိုးတက်ထိရောက်အောင် လုပ်မလဲ . . . . စတဲ့
အချက်တွေကို ဒီစာအုပ်မှာ သင်ယူလေ့လာနိုင်ပါတယ်။
ပညာရှင်တွေ ဘဝတစ်လျှောက်လုံး လေ့လာခဲ့တဲ့
သင်ခန်းစာအားလုံးတော့ မဟုတ်ပေမဲ့
သင်သာ ရည်မှန်းချက်ကြီးတဲ့ မန်နေဂျာတစ်ယောက်ဆိုရင်ပဲ
အနှစ်သာရကို တစ်ပတ်အတွင်း နားလည်သဘောပေါက်သွားမှာပါ။
သင့်ရဲ့ MBA ဘွဲ့လက်မှတ်က မကူညီနိုင်တဲ့
အနာဂတ်အမြင်နဲ့ ရည်မှန်းချက်များအတွက်
ဌာနတစ်ခုရဲ့သဘောသဘာဝတွေ၊ ဖိအားတွေကို ချဉ်းကပ်ဖို့
ဒီစာအုပ်က ကူညီနိုင်မှာပါလို့ MBA in a Week စာအုပ်ပြုစုသူ
ALAN FINN က ဆိုပါတယ်။
ပြီးရင်တော့ သင်တည်ဆောက်ယူလိုက်တဲ့ စွမ်းရည်တွေ၊
သင့် လုပ်ဆောင်မှုတွေကို
လုပ်ဖော်ကိုင်ဖက်တွေ၊ အထက်အရာရှိတွေက
အသိအမှတ်ပြုခံရမှာပါ။

ISBN9789997110633
AST20
9 789997 110633
1,800.00KS

mgyoe.com


| | | |
|---|---|---|
| မျက်နှာဖုံး | - | အမ်အက်စ်အို |
| ထုတ်ဝေသူ | - | ဦးစန်းဦး(မြ-၀၃၈၂၃)၊ |
| | - | စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄ လမ်းတာမွေ။ |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ(မြ-၀၉၇၃၃)၊ စိတ်ကူးချိုချို |
| | - | ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။ |
| စာအုပ်ချုပ် | - | ဦးမြင့်၊ ညီဝင်းမြင့် |
| ပထမအကြိမ်၊ အုပ်ရေ ၂၀၀၊ ၂၀၁၈၊ ဇူလိုင်လ | | |

အောင်စည်သာ
ရက်သတ္တပတ်MBA / - ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။
စာမျက်နှာ ၁၂၉ မျက်နှာ၊
၁၃ စင်တီ× ၁၈.၅ စင်တီ
(၁) ရက်သတ္တပတ်MBA


mgyoe.com

mgyoe.com

# မာတိကာ

- နိဒါန်း ၁

တနင်္ဂနွေ ၄
- ကမ္ဘာ့စီးပွားရေး ဖိအားများနှင့် ပတ်ဝန်းကျင်
  အပြောင်းအလဲ

တနင်္လာ ၁၈
- ဘဏ္ဍာရေးနှင့် စာရင်းဇယား

အင်္ဂါ ၃၄
- စွန့်ဦးတီထွင်စိတ်၊ ကိုယ့်ကျင့်တရားနှင့်
  လူမှုရေး တာဝန်သိတတ်မှု

ဗုဒ္ဓဟူး ၅၃
- မဟာဗျူဟာနှင့် ဈေးကွက်ထိုးဖောက်ရေး

mgyoe.com

mgyoe.com

ကြာသပတေး ၇၂
- လက်တွေ့ထုတ်လုပ်မှု လုပ်ငန်းခွင် စီမံခန့်ခွဲခြင်း

သောကြာ ၈၈
- အဖွဲ့အစည်းအကျင့်စရိုက်နှင့်
လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု

စနေ ၁၀၈
- သုတေသနနှင့် အပြောင်းအလဲစီမံခန့်ခွဲမှု

❖

mgyoe.com

mgyoe.com

# နိဒါန်း

လက်တွေ့ဆန်တဲ့ ဒီရက်သတ္တပတ် MBA စာအုပ်က အပြည့်စုံဆုံးလို့ မဆိုနိုင်ပေမဲ့ လက်တွေ့စီးပွားရေးလောကမှာ တကယ်အသုံးချနေတဲ့ အသုံးဝင်နေတဲ့ MBA ဘွဲ့ရဲ့ အနှစ်သာရတွေကို အချိန်တိုအတွင်း အလွယ်တကူလေ့လာလို့ရအောင် အနှစ်ချုပ်ပေးထားတာပါ။ စီးပွားရေးနယ်ပယ်က ရည်မှန်းချက်ကြီးတဲ့လူတွေက MBA ဟာ သူတို့ရဲ့ ရည်ရွယ်ချက်တွေကို တစ်ဆင့်မြင့်စေတယ်လို့ ယုံကြည်ကြတယ်။ အတိုချုပ်ပြောရရင် လုပ်ငန်းထဲက အချို့အငယ်တန်းမန်နေဂျာတွေနဲ့ယှဉ်ရင် ခေါင်းတစ်လုံးသာ ခြေတစ်လှမ်းရှေ့ရောက်နေဖို့ပေါ့။

အနာဂတ်အမြင်တွေနဲ့ အဖွဲ့အစည်းကြီးထွားရေး အကောင်အထည်ဖော်မှုတွေမှာ တွေ့နိုင်တာက ထိပ်ပိုင်း ခေါင်းဆောင်တွေဟာ အဖွဲ့အစည်းကို အနာဂတ်မှာ ဦးဆောင်ပဲ့ကိုင်သွားဖို့ သွေးသစ်ခေါင်းဆောင်တွေ လိုတယ်ဆိုတာပါပဲ။ ဒါပေမဲ့ သင်က သင့်ဌာနတစ်ခုထဲ အကြောင်းပဲ နားလည်

mgyoe.com

mgyoe.com


ပြီး အခြားသော ဌာနရဲ့လုပ်ပုံကိုင်ပုံတွေအကြောင်း နားမလည်ရင် အဖွဲ့အစည်းတစ်ခုလုံးအတွက် အနာဂတ်အမြင်နဲ့ ရည်မှန်းချက်တွေကို သင် ဘယ်လိုချမှတ်နိုင်မှာပါလဲ။

သင့်ရဲ့ MBA ဘွဲ့လက်မှတ်ဟာ အဲဒီကိစ္စအတွက် ကူညီနိုင်မှာ မဟုတ်ပါဘူး။ တခြားဌာနရဲ့ သဘောသဘာဝနဲ့ ရည်ရွယ်ချက်တွေ၊ အဲဒီဌာန မန်နေဂျာတွေရဲ့ ဖိအားတွေကို နားလည်မှသာ အဖွဲ့အစည်းကို ဘယ်လိုတိုးတက် ထိရောက်အောင် လုပ်နိုင်မလဲဆိုတဲ့ ဆုံးဖြတ်ချက်တွေ သင်ချမှတ်နိုင်မှာပါ။ ဒါမှသာ သင့်ရဲ့ လုပ်ဆောင်မှုလည်း အသိအမှတ်ပြုခံရပါမယ်။ သင်တည်ဆောက်ခဲ့တဲ့ စွမ်းရည်တွေကြောင့် သင့်လုပ်ဖော်ကိုင်ဖက်တွေ သင့်ကို လေးစားလာပါလိမ့်မယ်။ သင့်ရဲ့ ဌာနကလည်း အထက်အရာရှိတွေ သတိပြုမိလောက်အောင်ကို တိုးတက်လာမှာ ဖြစ်ပါတယ်။

ခုဒီ ရက်သတ္တပတ် MBA စာအုပ်ဟာ သင့်ရဲ့ကစားပွဲကို ပိုပြီး ကောင်းမွန်စေမှာပါ။ ပညာရှင်တွေ ဘဝတစ်လျှောက်လေ့လာခဲ့တဲ့ သင်ခန်းစာအားလုံး မဟုတ်ပေမဲ့ အနှစ်သာရကို ရည်မှန်းချက်ကြီးတဲ့ မန်နေဂျာတွေတော့ တစ်ပတ်အတွင်း နားလည်သဘောပေါက်စေမှာပါ။ ရည်မှန်းချက်နဲ့ ပန်းတိုင်တွေကို ဘယ်လိုပေါင်းစပ်လုပ်ဆောင်ရမလဲဆိုတာနဲ့ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ စနစ်ကြီးတစ်ခုလုံးကို ပုံစံအသစ်အဖြစ် ဘယ်လိုပြောင်းလဲသတ်မှတ်နိုင်မလဲဆိုတာတွေကို သင်ယူလေ့လာခွင့်ရရှိပါမယ်။ အဲဒီစွမ်းဆောင်ရည်တွေဟာ သင့်ရဲ့ ကုမ္ပဏီကို တိုးတက်ကြီးပွားစေရုံမျှမက သင့်ရဲ့ အထက်အရာရှိရဲ့ လေးစားမှုကိုပါ ရယူနိုင်ပါမယ်။

mgyoe.com

ဒုတိယအနေနဲ့ ဒီစာအုပ်ကရမယ့် အရေးကြီးတဲ့ အကျိုးကျေးဇူးတစ်ခုက မိမိကိုယ်ကိုယုံကြည်မှုပါ။ ခေါင်းဆောင်မှုဟာ မိမိကိုယ်ကို ယုံကြည်မှုဆိုတဲ့ ကိုယ်ရည်ကိုယ်သွေးပြသနိုင်မှုနဲ့ လက်တွေ့ ခေါင်းဆောင်နိုင်စွမ်းအပေါ် အများကြီးမူတည်နေပါတယ်။ သင်အနာဂတ်မှာ ရလာမယ့် တာဝန်ယူရမှုတွေ၊ စီးပွားရေးအောင်မြင်မှုအသစ်တွေနဲ့ ဘဝအောင်မြင်မှုတွေအတွက် လိုအပ်တဲ့ စွမ်းရည်အသစ်တွေကို ရှာဖွေတွေ့ရှိနိုင်ပြီး ကိုယ့်ရဲ့ လုပ်ငန်းကို တစ်ထောင့်တစ်နေရာက အကျိုးရှိအောင် ပါဝင်နိုင်စေမှာ ဖြစ်ပါတယ်။

အချို့ ပြောကြတာကတော့ ဒီစာအုပ်ရဲ့ အိုင်ဒီယာတွေကို အသုံးချဖို့ဆိုရင် သင်ခန်းစာတစ်ခု ဖတ်ပြီးတိုင်း ဖတ်ပြီးတိုင်း လုပ်ငန်းနယ်ပယ်မှာ ဘယ်လိုအသုံးချနိုင်မလဲဆိုတဲ့ ကိုယ်ပိုင်မှတ်စုလေးတစ်ခုထားဖို့ လိုပါတယ်တဲ့။ ပြီးတော့ အခန်းဆုံးတိုင်း ထည့်ပေးထားတဲ့ ဓမ္မဓိဋ္ဌာန်သင်ခန်း စာတွေကိုလည်း ဖြေဖို့မမေ့ပါနဲ့။

သင့်ရဲ့တိုးတက်မှုကို တစ်နေ့ပြီးတစ်နေ့ တိုင်းတာတွေ့မြင်နိုင်ပါစေ။

**မူရင်းစာရေးသူ**

❖

mgyoe.com

mgyoe.com

# တနင်္ဂနွေနေ့

ကမ္ဘာ့စီးပွားရေး
ဖိအားများနှင့်
ပတ်ဝန်းကျင်
အပြောင်းအလဲ။

mgyoe.com

စီးပွားရေးနဲ့ စီမံခန့်ခွဲမှုပညာမှာ ကမ္ဘာ့စီးပွားရေးဖိအားတွေနဲ့ အပြောင်းအလဲအကြောင်းကို လေ့လာခြင်းဟာ ဒီကနေ့ရဲ့ စီမံခန့်ခွဲမှု အလေ့အကျင့်တွေကို နားလည်ဖို့မှာအဓိကကျပါတယ်။ ပြီးတော့ ကိုယ့်ရဲ့အနာဂတ်လမ်းကြောင်းကို ရွေးချယ်ချမှတ်ဖို့လည်း မရှိမဖြစ်နားလည်ထားသင့်ပါတယ်။ ကမ္ဘာ့ပေါ်မှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအပေါ် သက်ရောက်နေတဲ့ ဒီနေ့ခေတ်ရဲ့ လူမှုဝန်းကျင်ဖိအားတွေနဲ့ အင်အားတွေကြား ဘယ်လိုစည်းမျဉ်းတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ ရပ်တည်နေလဲ၊ သူတို့လုပ်ငန်းကို ဘယ်လိုတည်ဆောက်ကြသလဲ စတာတွေကို နားလည်ဖို့အတွက်တော့ ဒီသင်ခန်းစာဟာ အခြေခံပါပဲ။

*

mgyoe.com

 mgyoe.com 

## အဓိက ဖိအားတွေ

ကမ္ဘာ့စီးပွားရေးအပေါ်ကို သက်ရောက်နေတဲ့ ဖိအားတွေအနက်က အရေးကြီးတဲ့ ဖိအားအချို့ကို ဖော်ပြချင်ပါတယ်။ အပြောင်းအလဲနဲ့ ဖိအားအသစ်အသစ်တွေရဲ့ သက်ရောက်မှုတွေဟာ အဖွဲ့အစည်းတွေရဲ့ မောင်းနှင်မှုကို အုပ်ချုပ်နိုင်ဖို့နဲ့ စည်းမျဉ်းစည်းကမ်းဥပဒေတွေ သတ်မှတ်နိုင်ဖို့အတွက် စီးပွားရေးသမိုင်းတစ်လျှောက်လုံးမှာ အရေးပါခဲ့ပါတယ်။

- **ကမ္ဘာ့ဘဏ္ဍာရေးဘောဂဗေဒ**

၂၀၀၇/ ၂၀၀၈ စီးပွားရေးပျက်ကပ်ကနေ ကျွန်တော်တို့ရှင်သန်ထမြောက်လာပြီးတဲ့နောက် ဘဏ်တွေနဲ့ ဘဏ်စနစ်အပေါ် စည်းမျဉ်းအသစ်အချို့ ထပ်မံချမှတ်ခဲ့ပါတယ်။

- **ပထဝီဝင်နိုင်ငံရေး အပြောင်းအလဲများ**

ဥပမာအားဖြင့် တရုတ်နဲ့ အိန္ဒိယရဲ့ စူပါပါဝါနိုင်ငံတွေအဖြစ် ပေါ်ပေါက်လာခြင်း၊ ရုရှားနိုင်ငံရဲ့ အရှေ့ဥရောပနိုင်ငံတွေသို့ နယ်မြေချဲ့ထွင်ရေး ရည်မှန်းချက်ရဲ့ အရှေ့အလယ်ပိုင်းက ပဋိပက္ခတွေဟာ စီးပွားရေးလုပ်ငန်းတွေအတွက် ထင်ရှားတဲ့ပြောင်းလဲမှုတွေပါ။

- **ဆက်သွယ်ဆက်ဆံရေး**

ကွန်ပျူတာတွေရဲ့ စွမ်းအားနှင့် ဉာဏ်ရည်မြင့်မားလာခြင်းနဲ့ အနာဂတ်လုပ်သားဈေးကွက်အပေါ် ၎င်းပြောင်းလဲမှုရဲ့ အကျိုးသက်ရောက်မှုစတာတွေကို လေ့လာရမှာ ဖြစ်ပါတယ်။

- **လုံခြုံရေး မူဝါဒ ပဋိပက္ခနဲ့ ရဲလုပ်ငန်းစဉ်တို့၏သဘော သဘာဝများပြောင်းလဲလာခြင်း**

ဥပမာအားဖြင့် အန္တရာယ်များသောဒေသများတွင် ဒရုန်းနှင့် ရိုဘော့များ ပိုမိုသုံးစွဲလာခြင်း၊ ဆိုက်ဘာစစ်ပွဲနှင့် ဆိုက်ဘာတိုက်ခိုက်မှုများ ပေါ်ပေါက်လာခြင်း၊ ဆိုက်ဘာလုံခြုံရေး အရေးပါလာခြင်း။

mgyoe.com

- **ပို့ဆောင်ဆက်သွယ်ရေးတစ်ခေတ်ဆန်းမှု**

လူများ၊ အရေးပေါ်နှင့် ကျန်းမာရေးအကူအညီများ၊ ကုန်ကြမ်းနှင့် ကုန်ချောစသည်တို့အတွက် သယ်ယူပို့ဆောင်ရေးတစ်ခေတ်ဆန်းမှုများ။

- **သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှု**

အဲဒီပြောင်းလဲမှုရဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု (ဥပမာ–တရုတ်မှာရှိတဲ့ ရေကာတာနဲ့ ကြီးမားတဲ့ လိုဏ်ခေါင်းစီမံကိန်းတွေဟာ လူတွေရွှေ့ပြောင်းအခြေချမှုနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ရွှေ့ပြောင်းမှုကို ဖြစ်ပွားစေပါတယ်။ အာတိတ်ဒေသ ရေခဲဖုံးတောင်တွေ ရွေ့လျားမှုက တိုတောင်းထိရောက်တဲ့ ပင်လယ်သွားလမ်းကြောင်းတွေပေါ်ပေါက်လာပြီး အဲဒီဒေသရဲ့ သယံဇာတရှာဖွေရေးမှာ ပိုပြီးထိရောက်ကုန်ကျစရိတ် သက်သာစေပါတယ်။

## ပတ်ဝန်းကျင် အပြောင်းအလဲ

မန်နေဂျာတစ်ယောက်က စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုလည်ပတ်နေသလဲဆိုတဲ့ သဘောသဘာဝကို သိဖို့လိုအပ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေဟာ အထူးသဖြင့် မိမိကုမ္ပဏီဟာ လေဟာနယ်ထဲမှာ ရပ်တည်နေတာ မဟုတ်ပါဘူး။ မိမိကုမ္ပဏီနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိပါတယ်။ ငါထုတ်ချင်တဲ့ ကုန်ပစ္စည်းထုတ်မယ်။ ကောင်းကောင်းလုပ်ရင် ရောင်းရမှာပဲ။ အရည်အသွေးကောင်းရင် ရောင်းရမှာပဲ။ ဈေးပေါရင်ရောင်းရမှာပဲ။ ငါဒါလုပ်ရင် ငါဖြစ်မှာပဲဆိုတဲ့ မှန်းဆမှုတွေ တော်တော်များများ မှားရတဲ့အကြောင်းအရင်းက ဘာလဲဆိုတော့ ပတ်ဝန်းကျင်ကို ထည့်မတွက်လို့ပါ။ လုပ်ငန်းက ထုတ်လုပ်ပြီး ရောင်းချ

mgyoe.com

mgyoe.com

တာမှန်ပေမဲ့ အဲဒီဖြစ်စဉ်အပေါ် ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုက အရမ်းကြီးမားပါတယ်။

လုပ်ငန်းရပ်တည်လည်ပတ်နေတဲ့ ပတ်ဝန်းကျင်ရဲ့ အပြောင်းအလဲတွေကို ထည့်သွင်းမစဉ်းစားဘူးဆိုရင် ကျွန်တော်တို့လုပ်ငန်းရဲ့ ရပ်တည်ချက်နဲ့ လှုပ်ရှားမှုဆုံးဖြတ်ချက်တွေက မှန်ကန်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဘာဆိုဘာမှမလုပ်ခင်မှာ ပတ်ဝန်းကျင်ကို လေ့လာဖို့ လိုပါလိမ့်မယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့ ပတ်ဝန်းကျင်ကို အပြင်စက်ဝိုင်းနဲ့ အတွင်းစက်ဝိုင်းဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါတယ်။

အပြင်စက်ဝိုင်းထဲမှာပါတဲ့ ပတ်ဝန်းကျင်အမျိုးအစားတွေက–

(၁) နိုင်ငံရေးနှင့် ဥပဒေပတ်ဝန်းကျင်
(၂) စီးပွားရေးပတ်ဝန်းကျင်
(၃) လူမှုရေးပတ်ဝန်းကျင်
(၄) နည်းပညာပတ်ဝန်းကျင်နှင့်
(၅) သဘာဝပတ်ဝန်းကျင်တို့ပဲ ဖြစ်ပါတယ်။

အပြင်စက်ဝိုင်းထဲက ပတ်ဝန်းကျင်တွေရဲ့ထူးခြားမှုက အဲဒီပတ်ဝန်းကျင်တွေရဲ့ ပြောင်းလဲမှုဟာ စီးပွားရေးလုပ်ငန်းတွေအပေါ် အကျိုးသက်ရောက်မှုများစွာရှိပေမဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အဲဒီပတ်ဝန်းကျင်တွေကို ဘယ်လိုမှဝင်ရောက်ထိန်းချုပ်လို့ မရတာဖြစ်ပါတယ်။ အဲဒီတော့ အဲဒီပတ်ဝန်းကျင်အမျိုးအစားတွေရဲ့ လက်ရှိအခြေအနေနဲ့ ပြောင်းလဲမှုတွေကို လေ့လာပြီးလိုက်ပါ လှုပ်ရှားနိုင်မှ စီးပွားရေးလုပ်ငန်းဟာ အောင်မြင်နိုင်မှာပါ။ အဲဒီပြောင်းလဲမှုတွေက အခွင့်အရေးရှိနိုင်မယ်လို့ အချက်ပြရင် သင်ဟာ အဆင်သင့်ပြင်ဆင်ပြီး စောင့်ဆိုင်းရမှာဖြစ်ပြီး ဆိုးကျိုးပေးနိုင်မယ့် ပတ်ဝန်းကျင်အပြောင်းအလဲကိုလည်း သင်ဟာ မထိန်းချုပ်နိုင်တာကြောင့် တတ်နိုင်သမျှ ထိခိုက်မှု နည်းပါးအောင် ကြိုတင်လေ့လာ

mgyoe.com

ထားခြင်းဖြင့် အဆိုးတွေကို လျှော့ချနိုင်ဖို့ ကြိုးစားရမှာလည်း ဖြစ်ပါတယ်။

## နိုင်ငံရေးနှင့် ဥပဒေပတ်ဝန်းကျင်

နိုင်ငံရေးပတ်ဝန်းကျင်မှာ အထူးသဖြင့် အစိုးရရဲ့ မူဝါဒတွေ၊ တိုင်းပြည်ရဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုတွေ၊ အစိုးရအကူးအပြောင်းနဲ့ ဥပဒေ အပြောင်းအလဲတွေ ပါဝင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ နိုင်ငံရေးပတ်ဝန်းကျင် ဥပဒေတွေကတော့

- ဗျူရိုကရေစီ
- လာဘ်စားမှုအဆင့်
- သတင်းစာလွတ်လပ်ခွင့်
- အကောက်ခွန်
- ကုန်သွယ်မှုပေါ်လစီ
- ပညာရေးဥပဒေ
- အလုပ်သမားဥပဒေ
- အခွန်နှုန်းထား
- စားသုံးသူကာကွယ်ရေးမူဝါဒ
- ပြိုင်ဆိုင်မှုထိန်းချုပ်ရေးဥပဒေ
- ကုန်သွယ်ခွန်ဥပဒေ
- ဝင်ငွေခွန်ဥပဒေ

စတာတွေဖြစ်ပြီး အဲဒီအချက်တွေအပေါ် အစိုးရရဲ့ ဆုံးဖြတ်ချက်တွေဟာ

- စီးပွားရေး

mgyoe.com

- ထိန်းချုပ်မှု
- နိုင်ငံရေးတည်ငြိမ်မှုနဲ့
- စွန့်စားရနိုင်ခြေတို့အပေါ် သက်ရောက်စေနိုင်တာကြောင့် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အဆိုပါ ပတ်ဝန်းကျင်ရဲ့ အပြောင်းအလဲတွေကို လေ့လာပြီးဆုံးဖြတ်ချက်များ သေချာချမှတ်သင့်ပါတယ်။

## ဘောဂဗေဒပတ်ဝန်းကျင်

စီးပွားရေးလုပ်ငန်းတွေအတွက် ဘောဂဗေဒ ပတ်ဝန်းကျင်ဆိုတာဟာ ထုတ်ကုန်တွေ၊ ငွေကြေးတွေနဲ့ ပတ်သက်နေပါတယ်။ အဲဒီဘောဂဗေဒ ပတ်ဝန်းကျင်ရဲ့ ပြောင်းလဲမှုတွေဟာ စီးပွားရေးလုပ်ငန်းတွေကို တိုက်ရိုက် ထိခိုက်တာထက် နိုင်ငံရဲ့ ငွေရေးကြေးရေးနဲ့ အခြားသော ဘောဂဗေဒ ညွှန်းကိန်းတွေအပေါ် ပိုပြီး သက်ရောက်မှုရှိတာတွေကို တွေ့ရမှာပါ။ ဒါပေမဲ့ သင်နဲ့ တိုက်ရိုက်သက်ဆိုင်လာမယ့် ဒီပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုအကျိုးဆက်တွေက ဝယ်လိုအား၊ အခွန်နဲ့ ပိုင်ဆိုင်မှုတန်ဖိုး သတ်မှတ်ခြင်းတို့ဟာ အခြားသော ဒီပတ်ဝန်းကျင်မှာ ပါဝင်တဲ့အချက်တွေက–

- အတိုးနှုန်း
- ငွေလဲနှုန်း
- ငွေဖောင်းပွမှုနှုန်း
- အခွန်နဲ့
- ဝယ်လိုအား၊ ရောင်းလိုအား
- ဝင်ငွေအဆင့်အတန်းတို့ပဲ ဖြစ်ပါတယ်။

ဘောဂဗေဒပတ်ဝန်းကျင်ထဲမှာပါဝင်တဲ့ အထက်ပါအရာတွေကို

mgyoe.com

ကြိုတင်သုံးသပ်လေ့လာထားခြင်းဖြင့် မိမိစီးပွားရေးလုပ်ငန်းနဲ့ ကိုက်ညီသော မဟာဗျူဟာ (သို့) နည်းလမ်းတစ်ခုကို ကောင်းစွာဖန်တီးနိုင်မှာ ဖြစ်ပါတယ်။

## လူမှုရေးပတ်ဝန်းကျင်

လူမှုရေးပတ်ဝန်းကျင်ဆိုတာ တကယ်တော့ လူ့အဖွဲ့အစည်းရဲ့ ပြောင်းလဲမှုတွေကို လေ့လာခြင်းပါပဲ။ လုပ်ငန်းတွေဟာ ပတ်ဝန်းကျင် လေ့လာမှုနဲ့ပတ်သက်ရင် လုပ်ငန်းအပေါ် မူတည်ပြီး အခြားသော နိုင်ငံရေးနဲ့ စီးပွားရေးပတ်ဝန်းကျင်တွေကို ရွေးချယ်လေ့ရှိကြသော်လည်း ယခု လူမှုရေးပတ်ဝန်းကျင်ရဲ့ ပြောင်းလဲမှုတွေကိုတော့ လုပ်ငန်းတိုင်း လေ့လာကြရပါတယ်။ လူမှုရေးပတ်ဝန်းကျင်တွေနဲ့ပတ်သက်ရင် သင်အဓိက လေ့လာရမှာက လူ့အဖွဲ့အစည်းရဲ့ စရိုက်လက္ခဏာနဲ့ ဓလေ့ထုံးစံပြောင်းလဲမှုတွေကိုပါ။ ဒီနေရာမှာ သင့်လုပ်ငန်းရဲ့ ဈေးကွက်စစ်တမ်းကောက်ယူမှုဟာ အရေးပါလာပြီဖြစ်ပါတယ်။ သင်ဟာ ဒီပတ်ဝန်းကျင်မှာတော့ ပတ်ဝန်းကျင်ထဲပါဝင်တဲ့ အချက်တွေ ဆိုတတ်နိုင်သမျှ အသေးစိတ်လေ့လာနိုင်လေ သင့်အတွက် အကျိုးရှိလေ့ရှိပါပဲ။ ဒီပတ်ဝန်းကျင်မှာပါဝင်တဲ့ အဓိကအချက်တွေကတော့–

- လူနေမှုပုံစံနှင့် အဆင့်အတန်း
- ဝယ်ယူမှုအလေ့အထ
- ပညာရေးအဆင့်အတန်း
- ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု
- ကျန်းမာရေးလိုက်စားမှု
- ကျား၊ မ အချိုး

mgyoe.com

mgyoe.com


– မိသားစုအရွယ်အစားနှင့်ပုံစံ
– ငွေစုဆောင်းခြင်းနှင့် အသုံးပြုခြင်းအပေါ် သဘောထား
– လူဦးရေတိုးတက်မှုနှုန်း
– အသက်အရွယ်ကွာခြားမှုနှင့် ပျမ်းမျှအသက်
– ဘဝနေထိုင်မှုအပေါ်သဘောထား
(အလုပ်၊ ငွေကြေးနှင့် အနားယူခြင်း)
– ဝတ်စားဆင်ယင်မှု
– အစားအသောက်ပုံစံ
– အကြိုက်နှင့် ဓလေ့ထုံးစံများ
စသည်တို့ ဖြစ်ပါတယ်။
အထက်ပါအရာတွေကို လေ့လာထားခြင်းဟာ သင့်ရဲ့
– မည်သည့်ကုန်ပစ္စည်းကို ထုတ်လုပ်မည်
– မည်သူတို့အတွက် ထုတ်လုပ်မည်
– မည်သည့်ဈေးနှင့် ရောင်းချမည်
– မည်သည့်ပုံစံနှင့် ရောင်းမည်
– မည်မျှရောင်းရမည်
– မည်သို့ကြော်ငြာရမည်။
စတဲ့ ဆုံးဖြတ်ချက်နှင့် ခန့်မှန်းမှုဆိုင်ရာ မေးခွန်းတွေကို ဖြေဆိုဖို့ ကူညီပေးနိုင်မှာပါ။

## နည်းပညာပတ်ဝန်းကျင်

နည်းပညာပတ်ဝန်းကျင်ဆိုတာဟာ နည်းပညာရပ်တွေ တည်ရှိမှု၊ ရယူလာနိုင်မှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေ ပါဝင်ပါတယ်။ ဂဏန်းသင်္ချာတွက်

mgyoe.com

ချက်နိုင်စွမ်းကနေ လောင်စာဆီလောင်ကျွမ်းမှုထိ အားလုံးပါဝင်ပါတယ်။

နည်းပညာပတ်ဝန်းကျင်က စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုများ အကျိုးသက်ရောက်နိုင်ပါ့မလဲလို့ သင်သံသယဝင်နိုင်ပါတယ်။ သင့်ဘဝနဲ့ သင့်လုပ်ငန်းမှာ နေ့တိုင်းသုံးနေတဲ့ နည်းပညာတွေကို သင်မြင်နိုင်သလွေ့ပေါ့။ သင့်ကား၊ သင့်အင်္ကျီ၊ သင့်ကွန်ပျူတာ၊ သင့်ထိုင်ခုံကအစ ဘယ်အရာမှ နည်းပညာနှင့် မလွတ်ကင်းနိုင်ပါ။ စီးပွားရေးလုပ်ငန်းတွေဟာလည်း နည်းပညာနှင့်မကင်းနိုင်တာမို့ နည်းပညာနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေကို မျက်ခြည်မပြတ်စေဖို့လိုပါတယ်။ နည်းပညာဟာ သင့်လုပ်ငန်းတွေကို

- တိုးတက်ထိရောက်စေခြင်း
- ကုန်ကျစရိတ်သက်သာစေခြင်း
- အမြတ်တိုးစေခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ပေးနိုင်သလို နည်းပညာပြောင်းလဲမှုတွေကို ဂရုမစိုက်ခြင်းက
- သင့်လုပ်ငန်းကို ပျက်စီးစေခြင်း
  (ဒစ်ဂျစ်တယ်ကင်မရာပေါ်လာခြင်းက ဖူဂျီရဲ့ဖလင်ကင်မရာလုပ်ငန်းကို ပျက်စီးစေပါတယ်။ ဖူဂျီဟာ အဲဒီအချိန်က ကမ္ဘာ့နံပတ်တစ်ကင်မရာထုတ်လုပ်သူပါ။)
- သင့်ပြိုင်ဘက်ထက်နောက်ကျခြင်း
  (နိုကီယာဟာ စမတ်ဖုန်းနည်းပညာကို ရယူမှုနောက်ကျခဲ့တာကြောင့် Apple နဲ့ ဆမ်ဆောင်းတို့ရဲ့ နောက်ကောက်ချခြင်းကို ခံခဲ့ရပါတယ်။)

နည်းပညာမှာ ထူးခြားချက်က အပေါ်က ပတ်ဝန်းကျင်တွေလို အချက်မရှိတာပါ။ ရှိတဲ့အချက်ကလည်း အသစ်ပေါ်လာမှာသာ သိရှိနိုင်မှာပါ။ လတ်တလော နည်းပညာပြောင်းလဲမှုအချို့ကတော့–

mgyoe.com

- သုံးဖက်မြင်ပုံရိပ်ဖော်နည်းပညာ
- ကွန်ပျူတာများ မြန်နှုန်းမြင့်လုပ်ဆောင်ရည်မြင့်မားခြင်း
- အင်ဂျင်ရဲ့စွမ်းအားများ
- အင်တာနက်ချိတ်ဆက်နိုင်စွမ်း
- ကြိုးမဲ့အားသွင်းမှု
- အလိုအလျောက်စက်များနှင့် စက်ရုပ်နည်းပညာ
- လုံခြုံရေးစနစ်များ

စတာတွေဖြစ်ပြီး သင်ဟာ မြန်ဆန်စွာတိုးတက်လာတဲ့ နည်းပညာနယ်ပယ်ကို စောင့်ကြည့်ပြီး သင့်တော်ရာကိုသာ သင့်လုပ်ငန်းမှာ ပြန်လည်အသုံးပြုနိုင်မယ်ဆိုရင် သင့်အတွက် အတော်အကျိုးရှိမှာပါ။

## သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှု

ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုအခြေအနေ ရုတ်တရက်ပြောင်းလဲမှုတွေ အထူးသဖြင့် ပိုအိုက်လာတဲ့ ဆောင်းရာသီနဲ့ ဥရောပမှာဖြစ်တဲ့ ရေကြီး၊ ရေလျှံမှုတွေ အချို့နေရာတွေမှာ ပိုအေးလို့လာတဲ့ ဆောင်းရာသီတွေ စတာတွေဟာ သဘာဝပတ်ဝန်းကျင်ရဲ့ ဆိုးရွားတဲ့အပြောင်းအလဲတွေပါပဲ။ အဲဒီအပြောင်းအလဲတွေဟာ ကမ္ဘာတစ်လွှား စီးပွားရေးလုပ်ငန်းတွေရဲ့ လည်ပတ်မှုနှုန်းကို နှေးထွေးစေခြင်း၊ ကုန်ကျစရိတ်ပိုများစေခြင်းနဲ့ အမြတ်ပမာဏကို ထိခိုက်ခြင်းစတာတွေနဲ့ ဒုက္ခပေးလေ့ရှိပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံတော့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဟာ အခွင့်အရေးသစ်တွေ ပေးတတ်ပါတယ်။ ဥပမာ အာတိတ်ဒေသက ခရီးတိုတဲ့ ရေလမ်းကြောင်းအသစ်တွေ ပေါ်လာခြင်းနဲ့ မြောက်ဝင်ရိုးစွန်းက သယံဇာတတူးဖော်မှုတွေကို ထိရောက်စွာ လုပ်ကိုင်လာနိုင်မှုတွေပါ။

mgyoe.com

**'လေ့လာမှုအသစ်တစ်ရပ်ရဲ့ အဆိုအရတော့**
**စီးပွားရေးလုပ်ငန်းတွေရဲ့ အနာဂတ်အောင်မြင်မှုဟာ**
**အထူးသဖြင့် ပို့ဆောင်ရေး၊ ခရီးသွားဝန်ဆောင်မှု၊ ငွေကြေး၊**
**အစားအသောက်နဲ့ အခြားလုပ်ငန်းတွေရဲ့ အောင်မြင်မှုဟာ**
**သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုရဲ့ အန္တရာယ်တွေကို**
**ဘယ်လောက်ကြိုတင်ခန့်မှန်း တုံ့ပြန်နိုင်သလဲဆိုတဲ့အပေါ်**
**မူတည်နေပါတယ်။'**

အဓိကအချက်ကတော့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုရဲ့ အကျိုးကျေးဇူးက ဘာလဲ ဆိုးကျိုးကဘာတွေလဲ သုံးသပ်ဖို့ပါပဲ။

စီးပွားရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်း အသေးလေးတွေအပါအဝင် နှစ်ဆယ့်တစ်ရာစုရဲ့ လုပ်ငန်းအများစု ထည့်သွင်းစဉ်းစားရမယ့် သဘာဝပတ်ဝန်းကျင် အပြောင်းအလဲက စွမ်းအင်ဝယ်လိုအားနှင့် ဆက်စပ်လုပ်ငန်းတွေဟာ ယနေ့ခေတ်မှာ တကယ့်ကို အဓိက ဖြစ်လာမယ်ဆိုတာပါပဲ။

❖

mgyoe.com

## အနှစ်ချုပ်

ဒီအခန်းမှာ ဖော်ပြခဲ့တာက စီးပွားရေးလုပ်ငန်းတွေနဲ့ သင်ရဲ့ စီးပွားရေးလုပ်ငန်းမှာ အမြဲအရေးပါနေတဲ့ ပတ်ဝန်းကျင် အပြောင်းအလဲတွေ အကြောင်းပါ။ ဒီအခန်းက အဓိကပေးချင်တဲ့ သင်ခန်းစာကတော့ –

– ပတ်ဝန်းကျင်က အမြဲပြောင်းလဲတတ်ပါတယ်
– အပြောင်းအလဲတိုင်း မဟုတ်တောင် မိမိနှင့်ဆိုင်တဲ့ အပြောင်းအလဲကို သိရပါမယ်
– သိပြီးတဲ့အခါ ထိုအပြောင်းအလဲရဲ့ နောက်ဆက်တွဲဆိုးကျိုးနဲ့ ကောင်းကျိုးတွေကို လေ့လာပြီး မိမိလုပ်ငန်းအပေါ် သက်ရောက်မှုတွေကို သတ်မှတ်ရပါမယ်။
– သတ်မှတ်ရုံနဲ့မပြီး အခွင့်အလမ်းဆိုလည်း၊ အခွင့်အလမ်းအလျောက်၊ ဆိုးကျိုးဆိုလည်း ဆိုးကျိုးအလျောက် ကောင်းစွာ တုံ့ပြန်တတ်ရမှာ ဖြစ်ပါတယ်။

mgyoe.com

**သတိပြုရန်။** ။ ပတ်ဝန်းကျင်တွေဟာ ဆက်စပ်ပတ်သက်နေပါတယ်။ ပြောင်းလဲမှုတွေဟာ သီးခြားစီ ဖြစ်ပေါ်နေတာ မဟုတ်ဘဲ အကျိုးသက်ရောက်မှုများစွာ ရှိပါတယ်။ အဲဒါကြောင့် ပတ်ဝန်းကျင်အချက်တွေကြား ဆက်စပ်မှုကို မြင်အောင် ကြည့်ပါ။ ယခုအချိန် ကာလမှာ အပြောင်းအလဲတွေက များရုံတင် မဟုတ်ဘဲ၊ ပြောင်းလဲနှုန်း မြန်လာခြင်းကိုပါ သတိပြုသင့်ပါတယ်။

mgyoe.com

mgyoe.com

# တနင်္လာနေ့

## ဘဏ္ဍာရေးနှင့် စာရင်းဇယား

mgyoe.com

mgyoe.com

ဘဏ္ဍာရေးနှင့် စာရင်းဇယားတို့သည် သီးခြားလေ့လာရမည့် ဘာသာရပ်များဖြစ်သော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပါဝင်ပတ်သက်နေသော အချက်များလည်းရှိပါတယ်။

- ငွေရေးကြေးရေး သို့မဟုတ် ဘဏ္ဍာရေးကိစ္စရပ်များသည် ပိုင်ဆိုင်ထားသော အရင်းအမြစ်များကို မည်သို့မည်ပုံ အကျိုးရှိရှိ ခွဲဝေသုံးစွဲရမည်ဆိုသည်ကို အရှည်ကို မျှော်တွေး၍ဆုံးဖြတ်ခြင်းဖြစ်ပါတယ်။ မည်သို့သော ပိုင်ဆိုင်မှုကတော့ အနာဂတ်တွင် ဈေးကောင်းရနိုင်သည်။ တန်ဖိုးတက်လာနိုင်သည် စသည်ဖြင့်လည်း ဆုံးဖြတ်ကြပါတယ်။
- စာရင်းဇယားကတော့ အတိတ်ကို ပြန်စစ်ဆေးတဲ့နယ်ပယ်တစ်ခုပါ။ ငွေကြေးသတင်းအချက်အလက်တွေနဲ့ပတ်သက်ပြီး ကိုက်မကိုက်၊ ဟုတ်မဟုတ်နဲ့ လိုချင်သောအမြတ်၊ အရှုံးစသည့် အဖြေများရရှိအောင် ဆောင်ရွက်တွက်ချက်ပေးရတဲ့နယ်ပယ် တစ်ခုဖြစ်ပါတယ်။

အထက်ပါ နယ်ပယ်တွေဟာ ယခုခေတ် ပြိုင်ဆိုင်မှုပြင်းထန်ပြီး မသေချာမှုတွေများတဲ့ ဈေးကွက်မှာ ကုမ္ပဏီတွေကို တန်ဖိုးတစ်ခုပေါင်းထည့်ပေးနိုင်ပါလိမ့်မယ်။

*

mgyoe.com

mgyoe.com

## ခေတ်ပျက်ထဲက ဘဏ္ဍာရေးနှင့် စာရင်းဇယား

ယနေ့ခေတ်ရဲ့ဘဏ္ဍာရေးခေါင်းဆောင်တွေဟာ လုပ်ငန်းတွေကျင်လည်နေရတဲ့ မတည်မငြိမ် ပြိုင်ဆိုင်မှုများတဲ့ စီးပွားရေးခေတ်ပျက်ထဲမှာ ကုမ္ပဏီရဲ့တန်ဖိုးကို ငွေကြေးနဲ့စာရင်းဇယားရှုထောင့်ကနေ ထောက်ပံ့ပေးဖို့ ပြောင်းလဲမှုတွေ လုပ်လာကြပါပြီ။ အဲဒီဘဏ္ဍာရေးခေါင်းဆောင်သစ်တွေဟာ လှုပ်ရှားမှုမြန်ဆန်ပြီး တက်ကြွဖျတ်လတ်သော ဘဏ္ဍာရေးအဖွဲ့တွေ လိုအပ်ပါတယ်။ အပြောင်းအလဲမှာ ထိရောက်မှုရှိရှိနဲ့ စရိတ်သက်သက်သာသာ လိုက်ပါနိုင်အောင်ပေါ့။

၂၀၀၇ ခုနှစ်ထဲက ဖြစ်ခဲ့တဲ့ မျိုးဆက်နှစ်ဆက်အတွင်း အကြီးဆုံးစီးပွားရေးပျက်ကပ်ကြောင့် ကမ္ဘာကြီးဟာ ပိုပြီးခန့်မှန်းရခက်ခဲ၊ ပိုပြီးရှုပ်ထွေးလာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဂျပန်ငလျင်နဲ့ ဆူနာမီတို့ ဖြစ်အပြီးမှာ နိုင်ငံတကာစီးပွားရေးလုပ်ငန်းအများစုက ကမ္ဘာ့ပို့ဆောင်ဆက်သွယ်ရေး၊ ဈေးကွက်နဲ့ ဝယ်သူတွေဟာ ကမ္ဘာရဲ့ အခြားဘက်မှာဖြစ်တဲ့ ဖြစ်ရပ်တွေရဲ့ သက်ရောက်မှုကို ခံစားရပါလားဆိုတာကို စတင်သတိပြုမိလာကြပါတယ်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဟာ ကုမ္ပဏီတိုးတက်ကြီးပွားဖို့ ရင်းနှီးမြှုပ်နှံငွေကို စီမံခန့်ခွဲခြင်းနဲ့ ကုန်ကျစရိတ်တွေကို ထိန်းချုပ်ရတဲ့ အလုပ်ဖြစ်တဲ့ အားလျော်စွာ ဘဏ္ဍာရေးဆုံးဖြတ်ချက်တွေဟာ ယခုလို မသေချာမရေရာတဲ့ ခေတ်မှာ ကုမ္ပဏီတွေရဲ့ ကမ္ဘာ့စီးပွားရေးနယ်ပယ်လှုပ်ရှားမှုတွေအတွက် လမ်းပြကြယ်တစ်ခု ဖြစ်လို့လာပါတယ်။

ဒီနေ့ခေတ်မှာ စီးပွားရေးလုပ်ငန်းတွေ လိုအပ်တာက ဘဏ္ဍာရေးအမှုဆောင်အရာရှိချုပ် (CFO) မျိုးဆက်သစ်တွေပါ။ သူတို့ဟာ လုပ်ငန်းရဲ့ ဟန်ချက်တွေကို ထိန်းညှိပြီး ပို၍သန်မာသော၊ ပို၍လိုက်လျောညီထွေဖြစ်သော၊ ပြုလွယ်ပြင်လွယ်အရွယ်အစားရှိသော လှုပ်ရှားမှုပုံစံအသစ်တွေကို ထုတ်လုပ်ဖန်တီးပေးနိုင်ပါတယ်။ မတည်ငြိမ်မှုနဲ့ ပြိုင်ဆိုင်မှုတွေကြား

mgyoe.com

အဖွဲ့အစည်းရဲ့ တိုးတက်မှုကို ဆက်လက်ရရှိနေစေဖို့ပေါ့။

ဒါပေမဲ့ အဲဒီလိုတွေ လုပ်နိုင်ဖို့ရာ အမြင်သစ်တွေ ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှုအတွက် ဦးတည်ခြင်း၊ ကုန်ကျစရိတ်ထိန်းချုပ်ခြင်းကို အမြင်သစ်ဖြင့် ချဉ်းကပ်ခြင်း၊ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ ပညာရှိဆန်သော လုပ်ငန်းသိမ်းပိုက်ဝယ်ယူခြင်းများနဲ့ လျင်မြန်သောပြောင်းလဲမှုများ ဖြစ်ပေါ်နေတဲ့ဈေးကွက်မှာ လိုက်လျောညီထွေဖြစ်တဲ့ ပရော်ဖက်ရှင်နယ်ဆန်တဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု စွမ်းရည်တွေလည်း လိုအပ်ပါတယ်။

## နည်းပညာရဲ့လွှမ်းမိုးမှု

ဘဏ္ဍာရေးနှင့် စာရင်းဇယားဆိုင်ရာ ဥပဒေသတွေဟာ လူသားတွေ အိမ်နီးနားချင်းတွေနဲ့ ကုန်သွယ်မှုပြုလုပ်ကတည်းက စတင်ပေါ်ပေါက်လာခဲ့ပါတယ်။ ဘယ်ဟာကတော့ ဝယ်တာ၊ ဘယ်ဟာကတော့ အမဲပစ်ပြီး ကိုယ်တိုင်ထုတ်လုပ်တာ၊ ဘယ်ဟာကတော့ ကိုယ်တိုင်စိုက်တာ ဒါမှမဟုတ် ပြုလုပ်တာပြီးတော့ ချက်ချင်းရောင်းလိုက်တာ စတာတွေကိုခွဲခြားဖို့နဲ့ အမြတ်ဆိုတာကို တွက်ချက်ဖို့ သုံးခဲ့ကြတာပါ။ ရေတွက်ခြင်းဟာ အဘားကပ်(စ်)လို့ခေါ်တဲ့ အခြေခံအထောက်အကူပြုစနစ်ကလေးကနေ လောဂရစ်သမ်၊ ဂဏန်းပေါင်းစက်နဲ့ ကွန်ပျူတာစနစ်တွေထိ တိုးတက်လာခဲ့ပါတယ်။ နည်းပညာကို အသုံးချမှုဟာ အခုဆိုရင် ကုမ္ပဏီတိုင်းရဲ့ စာရင်းဌာနတွေမှာ တွင်ကျယ်လာခဲ့ပြီး ကုမ္ပဏီရဲ့ အခြားသော လုပ်ငန်းဆောင်တာကိစ္စရပ်များတွင်လည်း နေရာယူရန် စတင်ကြိုးစားလာကြပြီး ဖြစ်ပါတယ်။

နည်းပညာဌာနရယ်လို့ လုပ်ငန်းတိုင်းမှာရှိလာပြီး အုပ်ချုပ်သူတွေ

mgyoe.com

 mgyoe.com


နဲ့ အခြားဌာနရဲ့ ဝန်ထမ်းတွေအားလုံးကို အချိတ်အဆက်မိစေဖို့၊ တွက်ချက်ရလွယ်ကူစေဖို့၊ ဆက်သွယ်ရေးကောင်းမွန်နားလည်စေဖို့နဲ့ ဘဏ္ဍာရေးစီးဆင်းမှုတွေကို ချောမွေ့စေဖို့ အကူအညီပေးနေရပြီ ဖြစ်ပါတယ်။

**ပဲစေ့ရေတွက်စက်**

ပဲစေ့ရေတွက်စက် ဥပဒေသဟာ ဘဏ္ဍာရေးဘောဂဗေဒနှင့် စာရင်းဇယားကိစ္စရပ်တွေကို ဖော်ပြရာမှာ အသုံးများလာတဲ့ စကားလုံးတစ်ခုပါ။ သူ့ရဲ့သဘောက စာရင်းကိုင်တစ်ယောက်ဟာ ပဲစေ့အိတ်ရဲ့အလေးချိန်ကိုတင်မဟုတ်ဘူး အထဲမှာ ပဲစေ့ဘယ်နှစ်စေ့ပါသလဲဆိုတာပါ သိရမယ်လို့ ဆိုလိုချင်တာပါ။ ၁၉၁၉ ခုနှစ်မှာ အမေရိကသတင်းစာတစ်စောင် အသုံးပြုခဲ့တဲ့ဝေါဟာရပါ။

ဒီနေ့ခေတ်မှာ လုပ်ငန်းတွေဟာ မတည်ငြိမ်တဲ့ လှုပ်ခတ်မှုတွေများတဲ့ စီးပွားရေးပတ်ဝန်းကျင်မှာ ရှင်သန်ရပ်တည်နိုင်ဖို့၊ ဘဏ္ဍာရေးစီးပွားရေးနဲ့ စာရင်းဇယားဆိုင်ရာ ကိစ္စတွေနဲ့ သူတို့ရဲ့ ကုမ္ပဏီတွေကို ပိုမိုသန်မာပြီး ကမ္ဘာ့စီးပွားရေးဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနေကြပါတယ်။ အခုဆိုရင် နည်းပညာဟာ ဘဏ္ဍာရေးဆိုင်ရာ ပြောင်းလဲမှုညွှန်းကိန်းတွေကိုလည်း ဖော်ပြနိုင်တဲ့ တစ်ခုတည်းသော အချက်ဖြစ်နေပါတယ်။ ပြီးတော့ နည်းပညာတွေကို ယခုခေတ်စတော့ ရှယ်ယာဈေးကွက်တွေနဲ့ အခြားငွေကြေးဈေးကွက်တွေရဲ့ ပြောင်းလဲမှုကို ထိန်းချုပ်ဖို့ နည်းလမ်းအဖြစ်လည်း အသုံးပြုနေကြပါတယ်။

mgyoe.com

## CFO ရဲ့ တာဝန်တွေ ပြောင်းလဲလာမှု

အားနက်(စ်)နှင့် ယန်းဆိုတဲ့ သုတေသနကုမ္ပဏီကြီးဟာ CFO လို့ခေါ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်တွေရဲ့ တာဝန်ပိုင်းနဲ့ပတ်သက်ပြီး စစ်တမ်းတွေ လေ့လာမှုတွေ အများကြီးပြုလုပ်ခဲ့ပါတယ်။

ကမ္ဘာစစ်လွှား CFO တွေရဲ့ အခန်းကဏ္ဍဟာ အောက်ပါအချက်တွေနဲ့ အတူထိပ်တန်းရောက်လာခဲ့ပါတယ်။

– တာဝန်ယူရတဲ့ဧရိယာကျယ်ပြန့်လာမှု
– ရှိရမယ့် အရည်အချင်းနဲ့ စွမ်းရည်တွေတိုးတက်လာမှု
– အနာဂတ် CFO များ ပြုစုပျိုးထောင်မှု
– ဒီနေ့ခေတ် CFO တွေရဲ့ အသက်မွေးဝမ်းကျောင်းလွှမ်းမိုးမှုတွေပါပဲ။

‘CFO တစ်ယောက်အနေနဲ့ ကျွန်တော်ဟာ လုပ်ငန်းမှာ ဘယ်သူနဲ့မှမတူတဲ့ နေရာတစ်ခုမှာ ရှိနေပါတယ်။ စကြာဝဠာရဲ့ အလယ်တည့်တည့် နေရာမှာပေါ့။ ကျွန်တော့်လိုပဲ အလယ်တည့်တည့်နေရာမှာ တူတာရှိနေတဲ့ တစ်ဦးတည်းသော အရာရှိက CEO လို့ ခေါ်တဲ့ အမှုဆောင်အရာရှိချုပ်ပါပဲ။’

CFO တွေဟာ မိရိုးဖလာမူလတာဝန်ဖြစ်တဲ့ ဘဏ္ဍာရေးအကြံပေးမှုတွေ ဆန်းစစ်ပြုလုပ်ပေးခြင်းကနေ မဟာဗျူဟာ ချမှတ်ရေးကိစ္စတွေမှာ တစ်ခါတစ်ရံ ပါဝင်လာခြင်းနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ရှေ့ဆောင်လမ်းပြအဖြစ်ပါ နေရာယူလာနိုင်ကြတာကို တွေ့ရပါတယ်။ အဲဒါကြောင့်ပဲ ယခုခေတ် CFO ရာထူးကို ယူရမယ့်လူတွေဟာ ပြောင်းလဲ

mgyoe.com

mgyoe.com

နေတဲ့ စီးပွားရေးပတ်ဝန်းကျင်မှာ လိုက်လျောညီထွေစဉ်းစားတတ်ပြီး ကောင်းစွာတုံ့ပြန်နိုင်တဲ့ ပါရမီရှိသူတွေ ဖြစ်ရမယ်လို့ ဆိုလာကြတာ ဖြစ်ပါတယ်။ CFO ဟာ ဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေကို ဆက်လက်ချမှတ်နေခဲ့ပြီး ယခုအချိန်မှာ ကုမ္ပဏီရဲ့ လုပ်ငန်းလည်ပတ်ရေး ဆုံးဖြတ်ချက်တွေမှာပါ ပါဝင်လာနိုင်ကြတာပါ။ CFO တွေဟာ နည်းပညာ၊ ရင်းနှီးမြှုပ်နှံသူများနဲ့ ဆက်ဆံရေးတွေ၊ အိမ်ခြံမြေနဲ့ မဟာဗျူဟာကျတဲ့ လုပ်ငန်းဝယ်ယူရေးနဲ့ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးတို့မှာ စီမံခန့်ခွဲရပြီး လက်တွေ့ကျကျပံ့ပိုးမှုတွေ လုပ်ပေးရပါတယ်။ အချို့ CFO တွေဟာဆိုရင် ကုမ္ပဏီရဲ့ စီးပွားရေးဆောင်ရွက်ချက်တွေမှာပါ ပါဝင်လေ့ရှိပါတယ်။

**အဓိကကျတဲ့ရှာဖွေတွေ့ရှိချက်တွေ**

- CFO တွေအများစုက သူတို့ကိုဆက်ဆံမယ့်ဌာနတွင်လူတွေရှိမယ်လို့ ယုံကြည်ကြပေမဲ့ လုပ်ငန်းအနည်းငယ်ကပဲ နောက်ဆက်လာမယ့် CFO ရာထူးအတွက် တရားဝင်လူရွေးချယ်ခြင်း လုပ်လေ့ရှိကြပါတယ်။
- CFO တစ်ယောက်အတွက် တင်ဆက်ပြသမှုစွမ်းရည်ဟာ သိပ်ကိုအရေးကြီးပါတယ်။ ဘာလို့ဆိုသူတို့ဟာ ရှုပ်ထွေးတဲ့ဘဏ္ဍာရေးကိစ္စတွေနဲ့ လုပ်ငန်းရဲ့ရလဒ်တွေကို ရှယ်ယာရှင်တွေ၊ ပြင်ပရင်းနှီးမြှုပ်နှံသူတွေကိုရှင်းပြရင်း ကုမ္ပဏီတွင်းမှာလည်း အချို့သော ငွေကြေးကိစ္စတွေအတွက် ဦးဆောင်အကြံပြုရသူတွေဖြစ်လို့ပါ။

mgyoe.com

mgyoe.com

## ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှု

ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုတာ ငွေကို အကျိုးရှိရှိနဲ့ ထိထိရောက်ရောက် အသုံးချဖို့ စီမံခန့်ခွဲရခြင်းပါပဲ။ တစ်ချိန်မှာပဲ ဂရုစိုက်ရမယ့် အရေးကြီးတဲ့အရာက လုပ်ငန်းရဲ့ ပန်းတိုင်နဲ့ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားဖြည့်ဆည်းပေးနေဖို့ပါ။ ဒီအပိုင်းဟာ အထက်ပိုင်းအုပ်ချုပ်မှုရာထူးတွေက တိုက်ရိုက်ကိုင်တွယ်တဲ့အပိုင်းဖြစ်ပြီး CFO တစ်ယောက်ရဲ့ တာဝန်ဟာ လုပ်ငန်းတွင်းမှာ ဘယ်လောက်သက်ရောက်မှုရှိတယ်ဆိုတာကို ရှေ့မှာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

## ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုကို အဓိပ္ပာယ်ဖွင့်ဆိုမှုများ

"ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုတာဟာ လုပ်ငန်းရဲ့ ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်တွေကို စီမံကိန်းရေးဆွဲခြင်း၊ ဝယ်ယူခြင်းနဲ့ ထိန်းချုပ်ခြင်းတို့ကို လုပ်ကိုင်တဲ့စီမံခန့်ခွဲမှု လုပ်ငန်းတစ်ခုပါ။"

"ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုတာ တစ်ကိုယ်ရေလိုအပ်ချက်တွေနဲ့ အဖွဲ့အစည်းရဲ့ ပန်းတိုင်တို့အကြား ဖြည့်ဆည်းပေးနေတဲ့ ငွေရေးကြေးရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေပါ။"

"စီးပွားရေးလုပ်ငန်းတွေရဲ့ ဘဏ္ဍာရေးဆိုတာ ငွေကြေးကို အကျိုးရှိရှိအသုံးချခြင်းပါ။"

"စီးပွားရေးလုပ်ငန်းတွေရဲ့ ဘဏ္ဍာရေးမှာ ငွေကြေးသယံဇာတတွေကို ရယူခြင်း၊ အသုံးချခြင်းတို့ ပါဝင်ပါတယ်။ အဲဒါတွေကို ဉာဏ်ရှိရှိ ရေရှည်ကို မျှော်မှန်းပြီး လုပ်ရုံလေးပါပဲ။"

mgyoe.com

mgyoe.com

**ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုရဲ့ ရည်ရွယ်ချက်တွေ**

- အဓိကကတော့ အမြတ်များနိုင်သမျှ များများရေးပါ။
- ကြွယ်ဝမှုတိုးတက်စေခြင်း – ရှယ်ယာရှင်တွေရဲ့ ကြွယ်ဝမှုတိုးတက်လာစေခြင်းဆိုတာ လုပ်ငန်းရဲ့ အမြတ်နဲ့စွမ်းဆောင်ရည်တွေ တိုးတက်အောင်လုပ်ခြင်းဖြင့် ရှယ်ယာတန်ဖိုးတက်စေသော ရှယ်ယာရှင်တွေရဲ့ကြွယ်ဝမှုကို တိုးတက်စေပါတယ်။
- ကုမ္ပဏီရဲ့ဆက်လက်ရှင်သန်နိုင်မှု–အမြတ်မရခင်ကုမ္ပဏီအရှုံးမရှိဘဲ ဆက်လက်ရပ်တည်နိုင်ရေးဟာ အရေးကြီးပါတယ်။
- အရင်းအနှီးရယူရေး–ကုန်ကျစရိတ် (ရှယ်ယာခေါ်ယူရေး ကုန်ကျစရိတ်၊ ဘဏ်ချေးငွေအတွက် အတိုးနှုန်းပေးရခြင်း စသည်တို့ကို အနည်းဆုံးဖြစ်စေခြင်းဖြင့် အမြတ်တိုးတက်ရေး။

**ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုရဲ့ အဓိကအလုပ် ၃ ခု**

- ငွေကြေးလိုအပ်ချက်ကို ခန့်မှန်းခြင်း – ရေတိုနဲ့ ရေရှည်မှာ စီးပွားရေးလုပ်ငန်းတွေလည်ပတ်ဖို့အတွက် ငွေကြေးအရင်းအနှီး ဘယ်လောက်လိုလဲဆိုတာကို လုပ်ငန်းတိုင်း ခန့်မှန်းရပါတယ်။ ဒါမှသာ သူတို့ရဲ့ရင်းနှီးမြှုပ်နှံသူ ရှာဖွေရေး မဟာဗျူဟာဟာ ထိရောက်မှာဖြစ်ပါတယ်။ အဲဒီ ခန့်မှန်းမှုဆိုတာ ဘတ်ဂျက်ပေါ်မှာ မူတည်ပါတယ်။ ဘယ်လုပ်ငန်းတွေက ဘယ်လောက်ရမယ်၊ ဘယ်အရာတွေအတွက် ဘယ်လောက်သုံးမယ်ဆိုတဲ့ ဘတ်ဂျက်ဟာ ဘဏ္ဍာရေးဌာနက ချမှတ်ရတာပါ။
- အရင်းအနှီးပုံစံကိုသတ်မှတ်ခြင်း – ကွဲပြားတဲ့ အရင်းအနှီးပုံစံတွေ၊ ရှယ်ယာခေါ်ခြင်း၊ ချေးငွေရယူခြင်း၊ ငွေချေးလက်မှတ်ထုတ်ရောင်းခြင်းတွေမှာ ကောင်းကျိုးဆိုးကျိုးကိုယ်စီ ရှိကြပါ

mgyoe.com

mgyoe.com

တယ်။ အရင်းအနှီးအတွက် ကုန်ကျစရိတ်နည်းနည်းနဲ့ လို သလောက်ငွေကို ရရှိနိုင်ဖို့ ဘယ်လိုအရင်းအနှီးပုံစံတွေနဲ့ ပေါင်းစပ်ပြီး လုပ်ငန်းရဲ့ ငွေလုံးငွေရင်းကို တည်ဆောက်မယ်ဆိုတာကို ဘဏ္ဍာရေးအဖွဲ့က ဆုံးဖြတ်ရတာပါ။

– ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက် – စီးပွားရေးလုပ်ငန်းတွေဟာ သူတို့ရဲ့ ငွေကြေးကို ကုန်စည်ထုတ်လုပ်မှုအတွက်ပဲ အသုံးပြုတာ မဟုတ်ပါဘူး။ အခြားသော စီးပွားရေးလုပ်ငန်းတွေမှာလည်း ရင်းနှီးမြှုပ်နှံပါသေးတယ်။ ဒါ့ကြောင့် ကိုယ့်လုပ်ငန်းရဲ့ ဘယ်နေရာမှာ ဘယ်လောက်သုံးမယ်၊ အခြားသော ဘယ်လုပ်ငန်းမှာတော့ ဘယ်လောက်ရင်းနှီးမြှုပ်နှံမယ်ဆိုတာကိုလည်း ဘဏ္ဍာရေးအဖွဲ့ကပဲ ဆုံးဖြတ်ရမှာပါ။ အဲဒီဆုံးဖြတ်ချက်တွေကို ချမှတ်ရေးအတွက် အဓိကမောင်းနှင်အားက ဘာလဲဆိုတာ ရှိတဲ့ အရင်းအနှီးကို ဘယ်နေရာမှာ ရင်းနှီးမြှုပ်နှံရင် အမြတ်ပြန်ရချက် များများရမလဲဆိုတာပါပဲ။ အဓိကကတော့ ငွေရယူမယ့်ပုံစံ သတ်မှတ်ပြီးလို့ ငွေသုံးဖို့ ဆုံးဖြတ်တဲ့သဘောပါပဲ။

## စာရင်းဇယား

စာရင်းဇယားနဲ့ပတ်သက်လို့ အခြေခံသိထားသင့်တဲ့ စကားလုံးတွေက ဝင်ငွေ (revenues)၊ ထွက်ငွေ/ကုန်ကျစရိတ် (expernse)၊ ပိုင်ဆိုင်မှု (assets)၊ ပေးရန်ရှိ (liabilities)၊ ဝင်ငွေထက်ငွေရှင်းတမ်း (income statement)၊ လက်ကျန်စာရင်း (Balance Sheet) နဲ့ ငွေလည်ပတ်မှုရှင်းတမ်း (statement of cash flow)တို့ပဲ ဖြစ်ပါတယ်။

သင်ဟာ ခုမှအလုပ်စလုပ်မယ့် လူတစ်ယောက်ဆိုရင် စာရင်း

mgyoe.com

mgyoe.com

ဇယားအခြေခံရှိမှရပါမယ်။ စာရင်းဇယားဆိုတာဟာ အိပ်မက်ဆိုးမဟုတ်ပါ။ သင့်အတွက် ကယ်တင်ရှင်သာဖြစ်ပါတယ်။ လူအများစုက စာရင်းဇယားတွေနဲ့ မရင်းနှီးကြတော့ စာရင်းဇယားတွေကို ကြောက်ကြတယ်။ အဲဒါနဲ့ သူတို့ လုပ်ငန်းကို စာရင်းဇယားမရှိဘဲ လုပ်ကိုင်ကြတဲ့အခါ အထိန်းအကွပ်မရှိတဲ့ လှည်းလိုဖြစ်ပြီး လိုချင်တဲ့နေရာလည်းမရောက်၊ မကုန်သင့်တာတွေကုန်နဲ့ နောက်ဆုံးရှုံးတော့တာပါပဲ။

စာရင်းဇယားမှာ ကိန်းဂဏန်းတွေပါ တွက်ရချက်ရတယ်ဆိုတာကို ကျွန်တော်တို့ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီမှာ ဉာဏ်သုံးရတဲ့ ကိစ္စတွေအများကြီးအပြင် ရှုပ်ထွေးခက်ခဲတဲ့ ပြဿနာတွေများစွာ ပါဝင်ပါတယ်။ စာရင်းကိုင်တွေနဲ့အလုပ်ကို အချို့က ပျင်းစရာကြီး၊ အဖွဲ့အစည်းဗျူရိုကရေစီအောက်က သနားစရာစာအုပ်ကြီးသမားတွေလို့ ဝါးလုံးရှည်နဲ့ သိမ်းယမ်းနေကြတယ်။ ဒါပေမဲ့ စာရင်းကိုင်တွေက သင့်ကို စာရင်းဇယားဆိုတာ စာအုပ်ကြီးအတိုင်း လုပ်ရခြင်းမဟုတ်ဘဲ ကိုယ်ရည်ကိုယ်သွေးဆိုတဲ့အကြောင်း ရှင်းပြကြပါလိမ့်မယ်။ ပြီးတော့ စာရင်းအင်းပညာဟာ အောင်မြင်မှုအတွက်လည်း အရေးပါပါတယ်။ အဲဒီဘာသာရပ်မှာ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းနဲ့ တိကျတဲ့ အလေ့အထတွေရှိသော်လည်း စာရင်းကိုင်တွေဟာ ခန့်မှန်းခြင်းနှင့် ပညာရှိဆန်ဆန် မျှော်မှန်းခြင်းတို့ကို များစွာမှီခိုပြီး သတိကြီးစွာထားရတဲ့ ဆုံးဖြတ်မှုနဲ့ ခိုင်မာတဲ့ ပုံဖော်မှန်းဆမှုတွေကို ပြုလုပ်နေရပါတယ်။

သင်မန်နေဂျာ သို့မဟုတ် လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ သိသင့်တာက ငွေစာရင်းရှင်းတမ်းတွေကို နားလည်ဖို့နဲ့ စာရင်းဇယားရဲ့ အခြေခံသဘောတရား စာရင်းအင်း ဆော့ဖ်ဝဲတွေဟာ သင့်ရဲ့စီးပွားရေး လုပ်ငန်းအပေါ် မူတည်ပြီး ငွေအဝင်အထွက်၊ စာရွက်စာတမ်းအဆင့်ပေါင်း ထောင်နဲ့ချီပြီးရှိမှာပါ။ စာရင်းအင်းဆော့ဖ်ဝဲတွေက သင့်ကို စာ

mgyoe.com

ရင်းမှတ်ခြင်း၊ သိုလှောင်ထားခြင်းနှင့် အဲဒီအဝင်အထွက်မှတ်တမ်းတွေကို ပြန်လည်ထုတ်လုပ်ပေးမှာပါ။ ယခုခေတ်မှာ စာရင်းဇယားဆိုတာဟာ ကွန်ပျူတာထဲမှာ အလွယ်တကူ ငွေစာရင်းရှင်းတမ်းတွေ ထွက်တဲ့အထိ လုပ်လို့ရနေပေမဲ့ အဲဒီဟာတွေ အလုပ်လုပ်ဖို့နဲ့ အဲဒီထဲက အခေါ်အဝေါ်တွေကို သင်ဟာ နားလည်ထားသင့်ပါတယ်။

စာရင်းအင်းဆော့ဖ်ဝဲတွေဟာ အရောင်းဘောင်ချာနဲ့ အရောင်းဇယားဆိုင်ရာ ထည့်သွင်းခြင်းတွေကို အလိုအလျောက်ပေးနိုင်ပြီး အချိန်နဲ့တစ်ပြေးညီ စာရင်းရှင်းတမ်းတွေကို ဘာမှထပ်လုပ်စရာမလို၊ ပြန်လည်စစ်ဆေးစရာမလိုဘဲ ထုတ်လုပ်ပေးနိုင်ပါတယ်။

တစ်ကြောင်းချင်းစီစာရင်းသွင်းပြီး အတိအကျရလဒ်ထွက်တဲ့နည်းလမ်းဟာ သိပ်ကောင်းပါတယ်။ အချို့လုပ်ငန်းခွင်ငယ်တွေက သူတို့ရဲ့ စီးပွားရေးလုပ်ငန်းသေးတဲ့အခါ တစ်နှစ်ဝင်ငွေဘယ်လောက်ဆိုတာ သိရုံနဲ့လုံလောက်ပြီထင်နေကြပါတယ်။ အဲဒါဟာ နည်းလမ်းအမှားကြီးပါ။ သင့်လုပ်ငန်းဟာ ဒီထက်လည်း ပိုမြတ်နိုင်သလို အရှုံးလည်းရှိနေပါတယ်။ ဘယ်လောက်ဝင်ပြီး ဘယ်လောက်ထွက်သွားတယ်ဆိုတာပဲ သင့်ပိုင်ဆိုင်မှုမဟုတ်ပါဘူး။ သင်ပယ်ထားတဲ့အရာ၊ သင်ပေးရန်ရှိတဲ့အရာ၊ သင်ရရန်ရှိတဲ့အရာ၊ ပျက်စီးသွားတဲ့ကုန်ပစ္စည်းစတာတွေကို အသေးစိတ်သိနိုင်မှသာ သင်ဟာ သင့်လုပ်ငန်းကိုကောင်းစွာ စီမံခန့်ခွဲနိုင်မှာဖြစ်ပြီး လိုအပ်တဲ့မဟာဗျူဟာတွေ ချမှတ်နိုင်မှာပါ။

## ဝင်ငွေ/ထွက်ငွေရှင်းတမ်း (Income Statement)


ဝင်ငွေ/ထွက်ငွေရှင်းတမ်းဟာ သင့်လုပ်ငန်းသတ်မှတ်ထားတဲ့ ကာလအတွင်း (ရက်သတ္တပတ်၊ ၁ လ၊ ၄ လ၊ ၆ လ၊ ၁ နှစ်စသည့်ဖြင့်)မှာ ဘယ်လောက်မြတ်လဲဆိုတာကို ဖော်ပြတဲ့စာရင်းဇယားပါ။ အချိန်ကာလ

mgyoe.com

 mgyoe.com 

ကို ကြိုက်သလို သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ ခေါင်းစဉ်တော့ တပ်ပေးရမှာဖြစ်ပါတယ်။ ဝင်ငွေ/ ထွက်ငွေရှင်းတမ်းမှာ ခေါင်းစဉ်အတိုင်း နှစ်မျိုးပါပါတယ်။ ဝင်ငွေနဲ့ ကုန်ကျစရိတ်တွေပါ။ ဝင်ငွေတွေဟာ သင့်ဘောင်ချာတွေထက် ပိုနေတာ/ လိုနေတာကို တွေ့နိုင်ပြီး ထွက်ငွေတွေကလည်း သင်တကယ်ပေးရတဲ့ ငွေပမာဏထက်ပိုနေတာ တွေ့နိုင်မှာပါ။

Income Statement ဥပမာတစ်ခုကို ကြည့်ကြည့်လိုက်ပါဦး။




mgyoe.com

**လက်ကျန်ရှင်းတမ်း (Balance Sheet)**

လက်ကျန်ရှင်းတမ်းဟာလည်း ငွေစာရင်းရှင်းတမ်းတစ်ခုဖြစ်ပြီး (A) ကုမ္ပဏီရဲ့ပိုင်ဆိုင်မှု၊ (B) ကုမ္ပဏီရဲ့ပေးရန်ရှိ/ အကြွေးနဲ့ (C) ပိုင်ရှင်သို့မဟုတ် ရှယ်ယာရှင်တွေရဲ့ ပိုင်ဆိုင်မှုတွေကို သတ်မှတ်ထားတဲ့ သို့မဟုတ် သိချင်တဲ့နေ့ရက်မှာ ဘယ်လောက်ရှိလဲဆိုတဲ့ လက်ကျန်စာရင်းပါ။ ဥပမာ Dec 31 နေ့မှာ လက်ကျန်စာရင်းထုတ်ရင် Dec 31 နေ့မှာရှိတဲ့ အပေါ်က (၃) မျိုးနဲ့ နောက်ဆုံးလက်ကျန်ရှိနေတဲ့ ပမာဏတွေကို ဖော်ပြမှာပါ။

**A. ပိုင်ဆိုင်မှု (Assets)**

ဒီအပိုင်းမှာပါဝင်တဲ့အရာတွေဟာ ကုမ္ပဏီရဲ့ပိုင်ဆိုင်မှုဖြစ်ပြီး တကယ်မရသေးသော်လည်း ရရန်ရှိအကြွေးတွေပါ ထည့်သွင်းတွက်ချက်ပါမှ ကုမ္ပဏီရဲ့ပိုင်ဆိုင်မှုအစစ်အမှန်ကို သိမှာဖြစ်ပါတယ်။ ပိုင်ဆိုင်မှုကို ရေတိုပိုင်ဆိုင်မှုနှင့် ရေရှည်ပိုင်ဆိုင်မှုဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပြီး ရေရှည်ပိုင်ဆိုင်မှု (Fixed Assets) အောက်မှာ အပြောင်းအလဲမရှိတဲ့ ကုမ္ပဏီရဲ့ဝယ်ထားပြီးသော စက်ပစ္စည်း၊ အသုံးအဆောင်၊ မော်တော်ကား၊ စက်ရုံ (အငှားမပါ)စသည်တို့ပါဝင်ပါတယ်။ ရေတို (Current Assets) ရဲ့အောက်မှာတော့ ဘဏ်အပ်ငွေ၊ ရရန်ရှိအကြွေး၊ ငွေသားပိုင်ဆိုင်မှုစသည်တို့ အဓိကပါဝင်မှာဖြစ်ပါတယ်။

**B. ပေးရန်ရှိ/ အကြွေးများ (Liabilities)**

ပေးရန်ရှိ/ အကြွေးများဆိုတာ သတ်မှတ်ရှင်းတမ်းထုတ်ရက်မှာရှိနေတဲ့ ကုမ္ပဏီရဲ့ ပေးရန်ရှိ/ အကြွေးတွေကို မှတ်တမ်းတင်တဲ့အပိုင်းပါ။ ငွေချေးထားတာတွေ၊ ပေးရမယ့်အတိုးတွေ၊ ကုန်ဝယ်ထားလို့ပေးရမယ့်အကြွေးတွေ၊ လုပ်ခလစာရှင်းတမ်းတွေစတဲ့ ငွေထွက်ရမယ့် (သို့သော်) တကယ်မပေးရသေးတဲ့ အချက်တွေအပြင် အခြားသော ရှယ်ယာနှင့်

mgyoe.com

သို့မဟုတ်ပိုင်ရှင်ထံပြန်လည်ပေးအပ်ရမည်မှာ ပါဝင်ပါတယ်။

**C. ပိုင်ရှင်တွေရဲ့ပိုင်ဆိုင်မှု**

တကယ်တော့ ပိုင်ရှင်ရဲ့ပိုင်ဆိုင်မှုဆိုတာဟာ အပေါ်က A-B ပါပဲ။ သူတို့ပိုင်တာထဲက သူတို့ပေးရမှာ နှုတ်တဲ့အခါ ရလာတဲ့ တန်ဖိုးပါပဲ။ ရငွေတွေက ပိုင်ရှင်ရဲ့ပိုင်ဆိုင်မှုကို တက်မှာဖြစ်ပြီး ကုန်ကျစရိတ်က ပိုင်ဆိုင်မှုကို လျော့စေမှာပါ။

– Balance Sheet ဥပမာတစ်ခုကို ကြည့်ရအောင်။

❖

mgyoe.com

# အနှစ်ချုပ်

လုပ်ငန်းမှာ အဓိကကျတဲ့အရာတွေထဲမှာ ငွေဆိုတာလည်း တစ်ခုအပါအဝင်ပါပဲ။ အဲဒီငွေကိုစီမံခန့်ခွဲနိုင်မှသာ လိုချင်တဲ့နေရာ၊ သွားချင်တဲ့နေရာကို ရောက်နိုင်မှာပါ။ ဒီနေ့မှာတော့ ငွေကြေးဆိုင်ရာ ကဏ္ဍနှစ်ခုဖြစ်တဲ့ ဘဏ္ဍာရေးနှင့် စာရင်းအင်းကိစ္စရပ်တွေကို ဆွေးနွေးစေခဲ့ပါတယ်။

ဘဏ္ဍာရေးဟာ ကြိုတင်စီမံကိန်း ရေးဆွဲခြင်းနဲ့ ကြိုတင်သတ်မှတ်ခြင်းစသည်တို့နဲ့ အများစုသက်ဆိုင်ပြီး စာရင်းဇယားကတော့ ထိန်းချုပ်ရေးကိရိယာတစ်ခုအဖြစ် ရပ်တည်ပါတယ်။ မည်သို့ပင်ဖြစ်စေ၊ အထက်ပါနှစ်ခုကို မန်နေဂျာတွေများ၊ ပိုင်ရှင်များအနေဖြင့် စိတ်မဝင်စားသော်လည်း အခြေခံသဘောတရားကို မဖြစ်မနေ သဘောပေါက်ထားရမှာ ဖြစ်ပါတယ်။

mgyoe.com